ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ သောကြာနေ့၊ (27-3-2009) (၃၉၉၅)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ✳

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟို ကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံ တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✳ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✳ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✳ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✳ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✳ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✳ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✳ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✳ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✳ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့် ရှောက်ရေး
- ✳ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✳ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror
၂၇-၃-၂၀၀၉
(သောကြာနေ့)

စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော်တည်ဆောက် အချုပ်အခြာအာဏာနှင့် ပိုင်နက်လုံခြုံရေးကာကွယ်စောင့်ရှောက်

၂၀၀၉ ခုနှစ် မတ်လ ၂၇ ရက် (ယနေ့)သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဖြစ်သည်။ တပ်မတော်နေ့သည် မြန်မာနိုင်ငံအတွက် ထူးခြားလေးနက်မှုရှိသော သမိုင်းဝင်နေ့ဖြစ်သည်။

တပ်မတော်သည် ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ဖက်ဆစ်တော်လှန်ရေးကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ တစ်သွေးတည်း၊ တစ်သားတည်း စွန့်လွှတ်စွန့်စားတိုက်ပွဲဝင် အောင်ပွဲဆင်နိုင်ခဲ့သည်။ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူအားလုံး၏ ဇာတိသွေး၊ ဇာတိမာန်ကို အမွန်အမြတ် ဖော်ညွှန်း၍ တပ်မတော်နေ့အဖြစ် သမိုင်းဝင် ကမ္ပည်းတင်ထားခြင်းဖြစ်သည်။

တိုင်းရင်းသားပြည်သူတို့၏ ရင်နှစ်သည်းချာများဖြင့် ဖွဲ့စည်းထားသော တပ်မတော်သည် သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်တွင် အခက်အခဲအကျပ်အတည်းအမျိုးမျိုးနှင့် နိုင်ငံတော်ပြိုကွဲပျက်စီးမည့် အန္တရာယ်များကြုံတွေ့ရတိုင်း ပြည်သူ့ရှေ့မှ မားမားမတ်မတ်ရပ်တည်ကာ ကာကွယ်စောင့်ရှောက်ခဲ့သည်။ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်လုံခြုံရေးအတွက် အစဉ်အမြဲ ကာကွယ်စောင့်ရှောက်ရင်း ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးထမ်းရွက်နေဆဲဖြစ်သည်။

ယနေ့အချိန်အခါတွင်လည်း တပ်မတော်က အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နှစ်ဆယ့်တစ်ရာစုတွင် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အနှောင့်အယှက်အဟန့်အတား အမျိုးမျိုးကို ကျော်လွှားပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဖော်ဆောင်နေသည်။

ယခုအခါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံကိုတည်ဆောက်လျက်ရှိရာတွင် နိုင်ငံတော်၏ ဂုဏ်ဒြပ်နှင့်အညီ အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်ကို တည်ဆောက်နေသည်။ တပ်မတော်သားတိုင်းက စိတ်ဓာတ်၊ စည်းကမ်း၊ သစ္စာ၊ စည်းလုံးမှု၊ စွမ်းရည်သုံးရပ်နှင့် ပြည့်စုံမှုဟူသည့် အခြေခံ အရည်အချင်းငါးပါးနှင့် ပြည့်စုံစေရန် စောင့်ထိန်းလိုက်နာလျက်ရှိသည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် မြေထု၊ ရေထု၊ လေထုပိုင်နက်လုံခြုံရေးကို သမိုင်းအစဉ်အဆက် ရဲဝံ့စွန့်စား ကာကွယ်စောင့်ရှောက်လာခဲ့သော တပ်မတော်သည် ယနေ့ကာလတွင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် ပြီးမြောက်အောင်မြင်ရေးနှင့် ပြည်သူ့အကျိုးစီးပွား အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးတို့ကိုလည်း ထာဝရ ကာကွယ်စောင့်ရှောက်ထမ်းဆောင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ်ချေမှုန်းကြ။

အလက (၁) လှိုင် (၇ လမ်းကျောင်း) အာစရိယပူဇော်ပွဲနှင့်မိတ်ဆုံစားပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

အလက(၁) လှိုင် (၇လမ်းကျောင်း) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မတ် ၂၉ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်း၌ တာဝန်ထမ်းဆောင်ခဲ့ကြသော ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ အငြိမ်းစားဆရာ၊ ဆရာမကြီးများ ၅-၅-၁၉၈၇ ရက်အထိ တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာ၊ ဆရာမများအားလုံးနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်၊ မဆက်သွယ်ရသေးသော ဆရာ၊ ဆရာမများအားလုံးတို့သည် မတ် ၂၇ ရက် နောက်ဆုံးထား၍ ဆရာဦးတိုးဟန် ဖုန်း-၅၁၆၃၉၃ နှင့် အလက(၁) လှိုင် ဖုန်း-၅၃၄၇၃၈ သို့လည်းကောင်း၊ အာစရိယပူဇော်ပွဲနှင့် ပတ်သက်၍ကိုတင့်နိုင် ဖုန်း-၀၉-၈၀၂၄၀၈၁၊ ကိုလွင်ဦး ဖုန်း-၅၃၆၀၀၆၊ ကိုအောင်လင်း ဖုန်း-၀၉-၅၁၂၆၁၃၅၊ ကိုအောင်မင်း ဖုန်း-၅၀၅၈၀၄၊ မချိုချိုမြင့် ဖုန်း-၇၂၃၄၀၄ တို့သို့လည်းကောင်း ဆက်သွယ်လျှုဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

မရမ်းကုန်းမြို့နယ် အမှတ်(၁၇) အခြေခံပညာမူလတန်းကျောင်း ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မူကြိုတန်းသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို မတ် ၂၁ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိုးက မမြင့်မြတ်ဝါသွေးအား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (ပညာရေး)

ပုသိမ်မြို့ အလက (၆) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

ပုသိမ်မြို့ ကျောက်ငူရပ် အလက(၆)၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို မတ် ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ပါသည်။ ရပ်နီးရပ်ဝေးမှ ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ဦးမောင်မောင်နိုင်(လမင်းစတိုး၊ ပုသိမ်)ဖုန်း-၀၉ ၅၂၀၁၄၂၈၊ ဦးကိုကိုလေး (ဆင်မင်း-၂ သဘော်ဆေးဆိုင်၊ ပုသိမ်)ဖုန်း-၀၉-၅၂၀၃၁၀၇၊ ဦးသိန်းအောင် (ဝါးပွဲရုံ၊ ပုသိမ်) ဖုန်း-၀၉-၅၀၂၆၄၇၇၊ ဦးကိုကိုနိုင် ဖုန်း-၀၉-၅၂၀၁၆၉၇ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

အကြမ်းဖက်သမားများ အာဖဂန်နစ္စတန်နိုင်ငံကို ဖျက်ဆီးရန်ကြံစည်နေဟု ကာဇိုင်းပြောကြား

ကဘူး မတ် ၂၆

အာဖဂန်နစ္စတန် နန်ဂါဟာပြည်နယ် အရှေ့ပိုင်းတွင်ဖြစ်ပွားခဲ့သောလူခြောက်ဦး သေဆုံးခဲ့ရသည့် အကြမ်းဖက်တိုက်ခိုက်မှုအား အာဖဂန်သမ္မတ ဟာမစ်ကာဇိုင်းက ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့သည်ဟု အင်တာနက်သတင်းတွင် ဖော်ပြသည်။

ရန်သူများသည် အာဖဂန်ပြည်သူများကို သတ်ဖြတ်ခြင်းနှင့် အာဖဂန်နစ္စတန်နိုင်ငံကို ဖျက်ဆီးခြင်းတို့ကိုသာလိုလားပြီး သူရဲဘောကြောင်သည့် တိုက်ခိုက်မှုများကိုသာ လုပ်ဆောင်လျက်ရှိကြောင်း သမ္မတက နန်ဂါဟာပြည်နယ်တွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုကို ပြစ်တင်ဝေဖန်ရှုတ်ချပြောကြားရာ၌ထည့်သွင်းပြောကြားသည်ဟု သမ္မတအိမ်တော်မှ သတင်းထုတ်ပြန်သည်။

ယင်းတိုက်ခိုက်မှုကြောင့် အရပ်သားငါးဦးနှင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးတို့ သေဆုံးပြီး အရပ်သားလေးဦး ဒဏ်ရာရရှိသည်ဟု ဆိုသည်။

အဆိုပါ သေဆုံးသူ၊ဒဏ်ရာရရှိသူများ၏ မိသားစုဝင်များအတွက် သမ္မတက ဝမ်းနည်းကြောင်း ပြောကြားသွားသည်။

အင်တာနက်။

အာဖဂန်နစ္စတန်သို့ တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေး ဩစတြေးလျနိုင်ငံသားများ ဆန့်ကျင်

ဆစ်ဒနီ မတ် ၂၆

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဆန္ဒရှိသည့်တိုင် အာဖဂန်နစ္စတန်သို့ ဩစတြေးလျတပ်ဖွဲ့များ ထပ်မံစေလွှတ်ရေးကိစ္စတွင် နိုင်ငံသားအများစုက ကန့်ကွက်ကြသည်ကို အင်္ဂါနေ့ဆန္ဒပြမှုက ပြသနေသည်။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးပြဿနာ အပါအဝင် အာဖဂန်နစ္စတန်နိုင်ငံကိစ္စနှင့် ပတ်သက်၍ အင်္ဂါနေ့တွင် ဝါရှင်တန်၌ ဘားရက်အိုဘားမားနှင့် တွေ့ဆုံဆွေးနွေးရန် ဩစတြေးလျဝန်ကြီးချုပ် ကီဗင်ရပ်ဒ် ပြင်ဆင်နေစဉ် ယခုကဲ့သို့ ဆန္ဒပြကြခြင်းဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် ၎င်း၏တပ်ဖွဲ့များကို အာဖဂန်နစ္စတန်တွင် ထားသကဲ့သို့ ဩစတြေးလျတပ်ဖွဲ့ဝင် ၁၁၀၀ ကို စစ်ကြောင့်မွဲတေနေသည့် အာဖဂန်နစ္စတန်နိုင်ငံသို့ စေလွှတ်ရေးအတွက် ရပ်ဒ်အား အိုဘားမားက တိုက်တွန်းတောင်းဆိုလိမ့်မည်ဟု ဝေဖန်ရေးသမားများက ထင်ကြေးပေးကြသည်။

အာဖဂန်နစ္စတန်တပ်ဖွဲ့ဝင်များနှင့်အတူ တိုက်ပွဲဝင်လျက်ရှိသော အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်ပေါင်း ခုနစ်သောင်းခန့် ရှိနေပြီးဖြစ်သည့် အာဖဂန်နစ္စတန်သို့ အမေရိကန်တပ်ဖွဲ့ဝင် ၁၇၀၀၀ ထပ်မံစေလွှတ်ရန် သမ္မတအိုဘားမားက ညွှန်ကြားထားပြီးဖြစ်သည်။

ဩစတြေးလျနိုင်ငံသားဆန္ဒပြသူ ၁၂၀၀ အနက်မှ ၆၅ ရာခိုင်နှုန်းက အာဖဂန်နစ္စတန်သို့ ဩစတြေးလျတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရေးကို ကန့်ကွက်ကြောင်း ဖော်ပြကြသည်ဟု သတင်းစာများတွင် ရေးသားထားသည်။

အာဖဂန်နစ္စတန်တွင် ဩစတြေးလျ၏ စစ်ရေးတာဝန်ယူရသည့်အပိုင်းသည် အကန့်အသတ်ရှိသည်ဟု ဝါရှင်တန်သို့ ကီဗင်ရပ်ဒ်ရောက်ပြီးနောက် ဩစတြေးလျသတင်းထောက်များသို့ ရပ်ဒ်က ပြောကြားသည်။

အာဖဂန်စစ်ပွဲနှင့်ပတ်သက်သည့် ဩစတြေးလျပြည်သူတို့၏ သောကကို ၎င်းက အပြည့်အဝ နားလည်ပါကြောင်း၊ အာဖဂန်နစ္စတန်တွင် ဩစတြေးလျ နိုင်ငံသူ၊ နိုင်ငံသားသူရဲကောင်းများ တစ်ယောက်ပြီးတစ်ယောက် အချိန်တိုင်းဆုံးရှုံးနေကြောင်း ဝန်ကြီးချုပ် ကီဗင်ရပ်ဒ်က ပြောကြားသည်။

အင်တာနက်။

အင်ဒိုနီးရှားစစ်သင်္ဘော လက်ဘနွန်သို့ ထွက်ခွာ

ဂျကာတာ မတ် ၂၆

အင်ဒိုနီးရှားနိုင်ငံ ရေတပ်မှ စစ်သင်္ဘော ကေအာရ်အိုင်ဒီပွန်ဂိုရို-၃၆၅ သည် ဘီလာဝမ်ဆိပ်ကမ်းမှ ထွက်ခွာကာ လက်ဘနွန်နိုင်ငံသို့ ခုတ်မောင်းသွားပြီဖြစ်ကြောင်း မတ် ၂၅ ရက်ကထုတ်ပြန်သည့် အင်တာရာသတင်းတွင် ဖော်ပြသည်။

ထိုသင်္ဘောသည် လက်ဘနွန်တောင်ပိုင်းတွင် ငြိမ်းချမ်းမှုထိန်းသိမ်းရေး ပြုလုပ်နေသော ကုလသမဂ္ဂရေတပ်ဖွဲ့(ယူနီဖီးလ်)၌ တာဝန်ထမ်းဆောင်မည်ဖြစ်သည်။

ထိုသင်္ဘောသည် ရေမိုင် ၆၅၅၅ ရှိသောခရီးကို ခုတ်မောင်းရာ၌ လမ်းတွင် ဆိပ်ကမ်းအများအပြားကို ဝင်ရောက်မည်ဖြစ်သည်။ ဆိုက်ကပ်မည့် ဆိပ်ကမ်းများမှာ အိန္ဒိယနိုင်ငံမှ ကိုချင်ဆိပ်ကမ်း၊ အိုမန်နိုင်ငံမှ ဆာလာလာဆိပ်ကမ်း၊ အီဂျစ်နိုင်ငံမှ ပိုဆက်ဒ်ဆိပ်ကမ်းနှင့် လက်ဘနွန်နိုင်ငံမှ ဘီရွတ်ဆိပ်ကမ်းတို့ ပါဝင်သည်ဟု ရေတပ်မှ ပြောရေးဆိုခွင့်ရှိသူ အထက်တန်းအရာရှိ အစ္စတန်ဒါဘီတွန်ပူးလ်၏ ပြောကြားချက်ကို ကိုးကား၍ အင်တာရာက အထက်ပါသတင်းကို ဖော်ပြခြင်းဖြစ်သည်။ယခုအခါ ယူနီဖီးလ်ကုလသမဂ္ဂတပ်ဖွဲ့တွင် ရေတပ်ဖွဲ့နှင့် ကြည်းတပ်ဖွဲ့ဝင်ပေါင်း ၁၃၀၀၀ ရှိနေပြီဖြစ်သည်။

လက်ဘနွန်နိုင်ငံအရောက်တွင် အင်ဒိုနီးရှားစစ်ရေယာဉ်သည် ယူနီဖီးလ်ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့၏ ရေတပ်ဖွဲ့ (အမ်တီအက်ဖ်)တွင် တာဝန်ထမ်းဆောင်မည် ဖြစ်သည်။ အမ်တီအက်ဖ်ရေတပ်ဖွဲ့တွင် ပြင်သစ်၊ တူရကီ၊ ဂရိ၊ အီတလီ၊ ဘယ်လ်ဂျီယမ်၊ စပိန်နှင့် ဂျာမနီမှ ရေတပ်သင်္ဘောများ တာဝန်ထမ်းဆောင်လျက်ရှိသည်။

အင်တာနက်။

လက်ဘနွန်နိုင်ငံတွင် တာဝန်ထမ်းဆောင်နေသော ကုလသမဂ္ဂရေတပ်ဖွဲ့နှင့် ပူးပေါင်းတာဝန်ထမ်းဆောင်မည့် အင်ဒိုနီးရှားစစ်ရေယာဉ် ကေအာရ်အိုင်ဒီပွန်ဂိုရို-၃၆၅ ကို ဘီလာဝမ်ဆိပ်ကမ်း၌ တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံ မိုလ်ဆူး၌ ဗုံးပေါက်ကွဲ မူလတန်းကျောင်းသူ လေးဦး သေဆုံး

မိုလ်ဆူး မတ် ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုလ်ဆူးမြို့၌ မတ် ၂၅ ရက်က ဗုံးပေါက်ကွဲမှုကြောင့် ကျောင်းသူလေးဦး သေဆုံးပြီး ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

မိုလ်ဆူးမြို့ အယ်လ်ရာရှီဒီယတ်ရပ်ကွက်ရှိ မူလတန်းကျောင်းအနီး အမှိုက်ပုံးအတွင်း မွန်းလွဲပိုင်းက ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ပစ်မှတ်ထား

အဆိုပါဗုံးသည် အမေရိကန် ကင်းလှည့်ယာဉ်များ ဖြတ်သန်းစဉ် ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်သော်လည်း ဗုံးပေါက်ကွဲမှုက ပစ်မှတ်ကို မထိခိုက်ဘဲ ကျောင်းမှအိမ်သို့ ပြန်လာသော ကလေးများအား ထိခိုက်ခဲ့ရသည်။ သေကျေဒဏ်ရာရရှိသူအားလုံးမှာ အသက် ၁၂ နှစ်အောက် ကလေးငယ်များသာဖြစ်သည်။

အင်တာနက်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး တရုတ် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးအလည်အပတ်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြု နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်း ဧည့်ခံစဉ်။

(သတင်းစဉ်)

တက်ရောက်

အဆိုပါ ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်၊ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်း၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်တွင် အနုပညာရှင်များက မြန်မာ့အသံ ခေတ်ပေါ်တေးဂီတနှင့်တွဲဖက်၍ တေးသံသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်အပြီးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun တို့သည် ဂုဏ်ပြုလက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး ဧည့်သည်တော် H.E.Mr.Li Changchun က ဂုဏ်ပြုနေ့လယ်စာ တည်ခင်းဧည့်ခံပွဲတွင် တေးသံသာများဖြင့် ဖျော်ဖြေကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁)ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နှင့် ဧည့်သည်တော် H. E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အနုပညာရှင်များနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်ကြသည်။

(သတင်းစဉ်)

နေပြည်တော်မြန်မာ့အသံ

(စနေနေ့- နံနက်+နေ့လယ်+ည)
(၂၈-၃-၂၀၀၉)

၇း၀၀	အဖွင့်တီးလုံး + နှုတ်ခွန်းဆက်၊ နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅	တရားတော် (မေတ္တသုတ်+ခန္ဓသုတ်) (မမ္မပူဇာတေးပဒေသာ)
၇း၃၀	(၃၈)ဖြာမင်္ဂလာ
၇း၃၅	နံနက်ခင်းတေးပဒေသာ
၈း၀၀	စံတော်ချိန်+သတင်း
၈း၁၀	နံနက်ခင်းတေးပဒေသာ
၈း၃၀	လောကနီတိအသိရှိစေဖို့ (ရှိခိုးကန်တော့ခြင်း)
၈း၄၀	တေးပဒေသာ
၉း၀၀	ဘဝအသွင် ကဗျာ့အမြင် (တပ်မတော်နေ့အထိမ်းအမှတ်)
၉း၁၀	တေးပဒေသာ
၉း၃၀	မွေးနေ့လက်ဆောင်
၉း၄၅	အာဆီယံအစီအစဉ်
၁၀း၀၀	မင်္ဂလာလက်ဆောင်
၁၀း၃၀	သတင်းစာအာဘော်
၁၀း၃၅	တေးပဒေသာ
၁၁း၀၀	နေ့လယ်ခင်းသတင်း
၁၁း၁၀	ကလေးအစီအစဉ် (ကဗျာရွတ်ဆိုပြိုင်ပွဲ) (တို့တိုင်းပြည်-ကြည်ဇော်) နေ့လယ်ခင်းတေးပဒေသာ
၁၁း၃၅	ဇာတ်လမ်းပမာနားဆင်စရာ (ပါရမီဖြည့်ဖက်သော်မှ)
၁၁း၅၅	တေးပဒေသာ
၁၂း၀၀	စံတော်ချိန် တေးပဒေသာ
၁၂း၂၀	ယဉ်ကျေးမှုအနုပညာ (တပေါင်းမှတ်တမ်း) နေ့လယ်ခင်းတေးပဒေသာ
၁း၀၀	မွန်းလွဲပိုင်းသတင်း
၁း၁၀	တေးပဒေသာ
၁း၃၀	အစီအစဉ်ပြီး၏။
၄း၀၀	အဖွင့်တီးလုံး + ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၂၀	ဆောင်းပါး (မြန်မာ့မျိုးချစ်တပ်မတော်)
၄း၃၀	သောတရှင်လိုရာ
၅း၀၀	လေလှိုင်းကြားမှပွဲတင်သံ
၅း၁၅	တေးပဒေသာ
၅း၂၅	သတင်းစာဆောင်းပါး
၅း၃၀	ခေတ်မရွေးသောတေးများ
၆း၀၀	ညနေခင်းသတင်း
၆း၀၅	တေးချစ်သူရွေးသီတေးပန်းချီ
၆း၃၀	တေးပဒေသာ
၇း၀၀	နိုင်ငံတကာသတင်း ညချမ်းချိန်ခါတေးပဒေသာ
၇း၁၀	သူ့အကြိုက် သူ့အသွင် (လင်းဇာနည်ဇော်) နိုင်ငံရေးဦးတည်ချက်
၇း၃၀	ကျန်းမာရေးရာသိကောင်းစရာ (အုန်းရည်နှင့် ကျန်းမာရေးအကြောင်း)
၇း၄၀	တေးပဒေသာ
၈း၀၀	ပြည်တွင်းသတင်း သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
၈း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၉း၀၀	နိုင်ငံတကာအနုပညာ(၄၁) ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက်
၉း၃၀	ညချမ်းချိန်ခါတေးပဒေသာ
၁၀း၀၀	အစီအစဉ်ပြီး၏။

ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား TATA MOTORS LIMITED မှ ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မတ် ၂၆

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ယနေ့ နံနက်ပိုင်းတွင် TATA MOTORS LIMITED မှ Mr. Manas Kumar Mishra ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာနနှင့် TATA MOTORS LIMITED တို့ ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော Heavy Turbo Truck Assembly & Component Parts ထုတ်လုပ်မှု စက်ရုံ စီမံကိန်း အမြန်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလအတွင်း စတင်လည်ပတ်နိုင်ရေး တို့ကို ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းအား TATA MOTORS LIMITED မှ Mr. Manas Kumar Mishra ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အထက(၃) ဒဂုံ (ယခင် မြို့မအမျိုးသမီးကျောင်း)အာစရိယပူဇော်ပွဲ ရန်ပုံငွေ ပျော်ပွဲရွှင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

အထက(၃) ဒဂုံမှ အငြိမ်းစား ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ရန်ပုံငွေ ပျော်ပွဲရွှင်ပွဲကို ဧပြီ ၁ ရက်တွင် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများအသင်း (မြတ်မွန်ရတနာခန်းမ) အမှတ်-၆၈ စကားဝါလမ်း ဒဂုံမြို့နယ်၌ မွန်းလွဲ ၂ နာရီမှစ၍ နာမည်ကျော်တေးသံရှင်များသည် Ghost Rider တေးဂီတအဖွဲ့နှင့်အတူ ဖျော်ဖြေမှုကို ညနေ ၆ နာရီတွင် ကျင်းပသွားမည်ဖြစ်သဖြင့် တေးဂီတဖျော်ဖြေပွဲနှင့် အစားအသောက်လက်မှတ်များကို ကျောင်းသူဟောင်းများဖြစ်သော မခင်ချမ်းသာ ဖုန်း-၀၁-၅၄၅၆၉၁၊ မဌေးဌေးခိုင် ဖုန်း - ၀၉-၉၉၂၇၀၂၁၊ မအေးစုလှိုင် ဖုန်း - ၀၁-၂၁၁၆၃၉၊ ဒေါက်တာခင်ခင်ထား ဖုန်း-၀၉၅၀၁၄၉၃၃၊ မဥမ္မာမြင့် ဖုန်း-၀၉၅၁၂၁၅၃၈၊ မနမ့်ဝတ်ရည် ဖုန်း-၀၁-၅၁၀၀၅၄နှင့် မြို့မကျောင်းသား၊ ကျောင်းသူဟောင်းများ အသင်း (မြတ်မွန်ရတနာခန်းမ) ဖုန်း-၀၁-၂၅၀၁၅၃ တို့သို့ ဆက်သွယ်ဝယ်ယူလှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(ကြေးမုံ)

MCPA Software Developer Conference ကျင်းပမည်

ရန်ကုန် မတ် ၂၆

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ MCPA Software Developer Conference ကို မတ် ၂၈ ရက် (စနေနေ့) နံနက် ၉ နာရီခွဲမှ မွန်းတည့် ၁၂ နာရီအထိ လည်းကောင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ လည်းကောင်း ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ရှိ Conference Hall ၌ ဆွေးနွေးဟောပြောမည်ဖြစ်သည်။

ယင်းဟောပြောပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက် ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင် အသင်းရုံးခန်း အဆောင် (၄) အခန်း (၄) ဖုန်း-၆၅၂၂၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပို့ဆောင်နှုတ်ဆက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်စဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

တရုတ်ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၆နာရီခွဲတွင် နေပြည်တော်လေဆိပ်၌ ပို့ဆောင် နှုတ်ဆက်သည်။

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် နေပြည်တော် လေဆိပ်သို့ ရောက်ရှိလာကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ကြိုဆိုသည်။

ထို့နောက် လေဆိပ်ဧည့်ခန်းမ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun အား ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းတင်ဓာတ်ပုံ အယ်လ်ဘမ်ကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီး ဆက်လက်လည်ပတ်ရန် ရန်ကုန်မြို့သို့ အထူးလေယာဉ်ဖြင့် ထွက်ခွာသွားကြရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ စွမ်းအင် ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၃-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၆း၀၀ ၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားကျင်းပပုံ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်

၈း၂၀ ၂။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၈း၅၀ ၃။ International News.

၉း၀၀ ၄။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၁၀ ၂။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက

၄း၁၅ ၃။ စိုက်ပါပျိုးပါ မြန်မာ့မြေလွှာ ဝင်ငွေလည်းရ ဝမ်းလည်းဝ

၄း၂၅ ၄။ တပ်မတော်နေ့ ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ

၄း၄၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ
- တတိယနှစ် (စီးပွားရေးပညာအထူးပြုများ) (စီးပွားရေးပညာ)

၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေးတေးများ

၅း၀၀ ၇။ တပ်မတော်နေ့ဂုဏ်ပြု ပြန်ကြားရေးဝန်ကြီးဌာန နိုင်ငံတော်ဆိုင်းဝိုင်း ဖျော်ဖြေတင်ဆက်မှု အစီအစဉ်

၅း၁၅ ၈။ မြန်မာစာ၊ မြန်မာစကား

၅း၃၀ ၉။ **"မီးမီးရဲ့ဆုံးဖြတ်ချက်" (နေအောင်၊ထွန်းထွန်းဝင်း၊ မေသဥ္စာဦး၊ပြည့်ဖူးခိုင်၊ ဇာဇာမင်းထက်) (ဒါရိုက်တာ-အောင်မိုး-ပဲရစ်)**

၅း၄၀ ၁၀။ နှောင်းခေတ်တေးပဒေသာ

၅း၅၀ ၁၁။ (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်

၆း၀၀ ၁၂။ ညနေခင်းသတင်း

၆း၃၀ ၁၃။ မိုးလေဝသအခြေအနေ

၆း၃၅ ၁၄။ သုတစုံလင်ရွှေဉာဏ်ရှင်

၇း၀၅ ၁၅။ **နိုင်ငံခြား ဇာတ်လမ်းတွဲ "ကုန်သွယ်မုန်တိုင်း" (အပိုင်း-၆၂)**

၈း၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာလမ်းဆုံ" (အပိုင်း-၁၁)**

၂၀။ အစီအစဉ်ပြီး၏။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် မတ် ၂၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၂၅ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့သို့ အထူး လေယာဉ်ဖြင့် ရောက်ရှိလာရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းမြင့်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူ၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုနှင့် တာဝန်ရှိသူများက ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

မင်္ဂလာဒုံ တပ်မတော်ကလေးများကျောင်း အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော မင်္ဂလာဒုံတပ်မတော် ကလေးများကျောင်း (ယခု အထက -၁၊ အထက - ၅) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယ ပူဇော်ပွဲကို ဧပြီ ၅ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက(၁) မင်္ဂလာဒုံ (ဝါယာလက်) မြဲရောခန်းမ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့် ပစ္စည်းများလှူဒါန်းလိုပါက ဦးအောင်ရွှေ-ဒေါ်မြင့်မေ ဖုန်း-၆၂၀၅၅၁၊ ဦးစိုးမြင့်(နယူးရွှေစင်) ဖုန်း-၀၉-၅၀၆၃၂၂၈၊ ဦးမြတ်မင်း ဖုန်း-၆၈၀၇၆၄၊ ဦးအေးကို ဖုန်း-၆၀၀၀၉၃၊ ဗိုလ်မှူး ဒေါ်ကြင်စန်း (ငြိမ်း) ဖုန်း-၅၆၁၇၄၁၊ ဒေါ်ကြည်ကြည်မြင့် ဖုန်း-၆၃၇၂၀၉၊ ဒေါ်မြင့်မြင့်ဌေး ဖုန်း - ၆၃၅၀၁၉နှင့် ဗိုလ်မှူးအုန်းသောင်း(ငြိမ်း) ဖုန်း-၆၃၅၃၉၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ကြိုဆိုနှုတ်ဆက်

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)



အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် Mr. Li Changchun တို့ တွေ့ဆုံဆွေးနွေး

တွေ့ဆုံဆွေးနွေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်း ကော်မတီ အဖွဲ့ဝင် H.E.Mr.Li Changchun တို့ နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးကြစဉ်။
(သတင်းစဉ်)

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun တို့သည် ယနေ့မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါဆွေးနွေးပွဲသို့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် ခင်မောင်မြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ

လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်စာချုပ်ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား စွမ်းအင်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့ လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို တက်ရောက်သည်။

ကြိုဆိုနှုတ်ဆက်

ရှေးဦးစွာ ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun နှင့် အဖွဲ့သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမသို့ ရောက်ရှိလာကြရာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် တွေ့ဆုံဆွေးနွေးပွဲကို စတင်ကျင်းပရာ ရှေးဦးစွာ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun က ပြန်လည်နှုတ်ခွန်းဆက်စကားပြောကြားသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun တို့သည် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံမှုတိုးမြှင့်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ပြန်ကြားရေးကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ စက်မှုကဏ္ဍများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

ဆက်လက်၍ မွန်းလွဲ ၂ နာရီခွဲတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား သဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧည့်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ အကြား ချုပ်ဆိုမည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်စာချုပ် (Cooperation Agreement between the Government of the Union of Myanmar and the Government of the People's Republic of China on the Myanmar-China Oil and Gas Pipelines) ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်အမျိုးသား စွမ်းအင်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

ရေအားလျှပ်စစ်အရင်းအမြစ်

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင် အုပ်ချုပ်ရေးဌာန အကြား လက်မှတ်ရေးထိုးမည့် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်အရင်းအမြစ် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အခြေခံမှုများဆိုင်ရာ သဘောတူညီချက်စာချုပ် [Framework Agreement on Development of Hydropower Resources in the Union of Myanmar between National Administration of the People's Republic of China and the Ministry of Electric Power No(1) of the Union of Myanmar] ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးမှူး မစ္စတာ ကျန်းကောပေါင်တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန် လဲလှယ်ကြသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန် သွင်းကုန်ဘဏ်အကြား ချုပ်ဆိုမည့်

စာမျက်နှာ ၆ ကော်လံ ၁ သို့

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား စွမ်းအင်အုပ်ချုပ်ရေးဌာနအကြား လက်မှတ်ရေးထိုးမည့် မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ်အရင်းအမြစ် ဖွံ့ဖြိုးမှုလုပ်ငန်းများ ဆောင်ရွက်ရန် အခြေခံမှုများဆိုင်ရာ သဘောတူညီချက်စာချုပ်ကို အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားစွမ်းအင်အုပ်ချုပ်ရေးမှူး မစ္စတာကျန်းကောပေါင်တို့ လက်မှတ်ရေးထိုးကြစဉ်။
(သတင်းစဉ်)

✻ ရှေ့ဖုံးမှ

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပိုလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

လက်ခံတွေ့ဆုံ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr. Li Changchun အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်း-ကျော်ဖုံး)

(သတင်းစဉ်)

❀ စာမျက်နှာ ၅ မှ

စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ် (Memorandum of Understanding Regarding Buyer's Credit for Constructions Projects between the Export-Import Bank of China and the Ministry of Finance and Revenue of the Union of Myanmar) ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလီရောကု တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

စီးပွားရေးနှင့်နည်းပညာ

ထို့နောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံအကြား ချုပ်ဆိုမည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ် (Agreement on Economic and Technical Cooperation between Government of the Union of Myanmar and the Government of the People's Republic of China)ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပို တို့က လက်မှတ်ရေးထိုးကြပြီး စာချုပ်ကို အပြန်အလှန်လဲလှယ်ကြသည်။

(သတင်းစဉ်)

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်အကြား ချုပ်ဆိုမည့် စီမံကိန်းများအတွက် ဝယ်သူ့ချေးငွေဆိုင်ရာ သဘောတူညီချက်စာချုပ်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ်ဥက္ကဋ္ဌ မစ္စတာလီရောကုတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

လက်မှတ်ရေးထိုး

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား ချုပ်ဆိုမည့် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး သဘောတူစာချုပ်ကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသူရိန်ဇော်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုတို့ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်
လှည်းကူးမြို့ အောင်မင်္ဂလာ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော လှည်းကူးမြို့ အောင်မင်္ဂလာရပ်ကွက် အောင်မင်္ဂလာ(၂)လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ လမ်းသစ်ထိပ် မုခ်ဦး၌ကျင်းပရာ ရှေးဦးစွာ အမှုဆောင်အရာရှိ ဦးကျော်မျိုးလတ်က လမ်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ရပ်ကွက်ပြည်သူ ဦးကျော်ဆန်းက ကျေးဇူးတင်စကား ပြောကြားသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီး ဆန်းမြင့်ဦး၊ ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် ရပ်ကွက်ပြည်သူ ဦးကျော်ဆန်းတို့က ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

Myanmar C.P Tennis Tournament
အသင်းလိုက်ပြိုင်ပွဲနှင့် သက်တမ်းလိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ Myanmar C.P Co., Ltd. ၏ ပံ့ပိုးကူညီမှုဖြင့်ကျင်းပမည့် Myanmar C.P Tennis Tournament ပြိုင်ပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၁ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲအမျိုးအစားများမှာ အသင်းလိုက်ပြိုင်ပွဲ၊ အမျိုးသားအလွတ်တန်း တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ အသက်(၅၅)နှစ်နှင့်အထက် တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အသက် (၁၀)နှစ်၊ (၁၂) နှစ်နှင့် (၁၄)နှစ်အောက် လူငယ်ကျား၊ မ တင်းနစ်ပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်သည်။

(သတင်းစဉ်)

ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ
နှစ်ပတ်လည်နေ့ အခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၆

ပွင့်ဖြူ ချည်မျှင်နှင့် အထည်စက်ရုံ၏ (၄)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို မတ် ၁၈ ရက်တွင် အဆိုပါစက်ရုံအစည်းအဝေးခန်းမ၌ ကျင်းပရာ စက်ရုံမှူး ဦးသန့်ဇင်ဆွေက အမှာစကားပြောကြားပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွင်း သင်တန်းထူးချွန်ဆုများ၊ လုပ်ငန်းထူးချွန်ဆုများနှင့် ခွင့်ရက်မပျက် ထူးချွန်သောဝန်ထမ်း ၁၀၄ ဦးတို့အား တာဝန်ရှိသူများက ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လူပျိုဆောင်၊ အပျိုဆောင် ၁၂ ဆောင်အတွက် EVD ၁၂ လုံးနှင့် တိုင်ကပ်နာရီ ၁၂ လုံးတို့ကို ပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်း ၁၃၀၃ ဦးတို့အား ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားဖမ်းစက်၊ EVD စက်များ၊ စက်ဘီးများ၊ ထမင်းပေါင်းအိုးများနှင့် အခြား အသုံးအဆောင်ပစ္စည်းများကို ဗလာမပါ ကံစမ်းမဲဖောက်၍ ချီးမြှင့်ကာ ဝန်ထမ်းများအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု

နယ်စပ်ဒေသနေ တိုင်းရင်းသားလူငယ်များ အသိပညာ၊ အတတ်ပညာ ပိုမိုတိုးပွားလာစေရန်အတွက် ဖွင့်လှစ်ပေးထားသော ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်)အား တွေ့ရစဉ်။

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၈	တိုးတက်မှု
၁	မြေလမ်းမိုင်	-	၃၈၃၄/၃	၃၈၃၄/၃
၂	ကျောက်လမ်းမိုင်	-	၂၆၈၃/၀	၂၆၈၃/၀
၃	ကတ္တရာလမ်းမိုင်	-	၄၄၈/၁	၄၄၈/၁
၄	တံတားကြီး	-	၈၈	၈၈
၅	တံတားငယ်	-	၁၁၂၇	၁၁၂၇
၆	ကြိုးတံတား	-	၅၄	၅၄
၇	ဆေးရုံ	-	၈၀	၈၀
၈	ဆေးပေးခန်း	-	၁၀၂	၁၀၂
၉	ကျေးလက်ကျန်းမာရေးဌာန	-	၆၂	၆၂
၁၀	ကျေးလက်ကျန်းမာရေးဌာနခွဲ	-	၁၃၉	၁၃၉
၁၁	မူ/လယ်/ထက်ကျောင်း	-	၈၅၅/၉၀/၉၂	၈၅၅/၉၀/၉၂
၁၂	စိုက်ပျိုးရေးရုံး	-	၃၁	၃၁
၁၃	စိုက်ပျိုးရေးစခန်း	-	၁၁၈	၁၁၈
၁၄	ဆည်	-	၆၀	၆၀
၁၅	တူးမြောင်း	-	၅	၅
၁၆	ထွန်စက်စခန်း	-	၁၁	၁၁
၁၇	ကြိုးဝိုင်း(သတ်မှတ်ပြီး/စီစဉ်ဆဲ)	-	၁၁/၁၄	၁၁/၁၄
၁၈	ပျိုးဥယျာဉ်	-	၁၄	၁၄
၁၉	မွေးမြူရေးခြံ	-	၂၀	၂၀
၂၀	တိမွေးကုရုံး	-	၄၁	၄၁
၂၁	လျှပ်စစ်မီးစက်	-	၂၆၈	၂၆၈
၂၂	ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ	-	၁၁၂	၁၁၂
၂၃	စာတိုက်	-	၅၃	၅၃
၂၄	တယ်လီဖုန်းလုပ်ငန်း	-	၈၅	၈၅

မံဆောင်းတံတား

ချင်းပြည်နယ်အတွင်း ကူးသန်းဆက်သွယ် သွားလာမှု လွယ်ကူစေရန်အတွက် တည်ဆောက်ပေးထားသည့် မံဆောင်းတံတားကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက်

ဖွံ့ဖြိုးတိုးတက်လာသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများကဏ္ဍ

နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)

တိုင်းရင်းသားလူငယ်များ သိပ္ပံနှင့် နည်းပညာတတ်မြောက်စေရန်အတွက် တည်ဆောက် ဖွင့်လှစ်ပေးထားသော နည်းပညာတက္ကသိုလ် (မြစ်ကြီးနား)ကို တွေ့ရစဉ်။

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း(နေပြည်တော်)ဖွင့်ပွဲ တက်ရောက်ချီးမြှင့်

မြန်မာတွင်သာမက ကမ္ဘာ့ဒုတိယ အပြည်ပြည်ဆိုင်ရာနက္ခတ္တဗေဒနှစ်တွင် အစောဆုံးဖွင့်လှစ်နိုင်၍ ဝမ်းမြောက်ဂုဏ်ယူ

နေပြည်တော် မတ် ၂၆

၂၀၀၉ ခုနှစ် (၆၄) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သစ်တောရေးရာဝန်ကြီးဌာန နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)အနီး အဆိုပါပြခန်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး တက်ရောက်ချီးမြှင့်ပြီး နက္ခတ်တာရာပြခန်း (နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်နှင့် စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဝေလွင်၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ရှေ့နေချုပ်၊စာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သစ်တောရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သစ်တောတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ နက္ခတ်တာရာပြခန်း (နေပြည်တော်) တည်ဆောက်ရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပမှကျွမ်းကျင်သူများနှင့် MRT ကုမ္ပဏီမှ အင်ဂျင်နီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနား ပထမပိုင်းအစီအစဉ်ကို နက္ခတ်တာရာပြခန်း (နေပြည်တော်)ဥပစာ၌ ကျင်းပရာ မင်္ဂလာအချိန်တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း (နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နက္ခတ်တာရာပြခန်း (နေပြည်တော်) အဝင်မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးက နက္ခတ်တာရာပြခန်း (နေပြည်တော်)ကမှည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။ ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးသာအေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး သူရမြင့်အောင်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့က ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် နက္ခတ်တာရာပြခန်း (နေပြည်တော်)အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနား ဒုတိယပိုင်းအစီအစဉ်ကို ပင်မပြခန်းဆောင်၌ ဆက်လက်ကျင်းပသည်။

ရှေးဦးစွာ တေးသံရှင်ဟေမာနေဝင်း၊ ကော်နီနှင့်ချောစုခင်တို့က စာရေးဆရာဒါရိုက်တာ ဗိုလ်ကလေးတင့်အောင် ရေးစပ်သီကုံးသည့် နက္ခတ်တာရာပြခန်း (နေပြည်တော်) ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နက္ခတ်တာရာပြခန်း (နေပြည်တော်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို မြို့တော် ဂုဏ်အင်္ဂါရပ်အဖြစ်သာမက ပြည်သူလူထု အပန်းဖြေကြည့်ရှုနိုင်ရန်၊ ဗဟုသုတများ တိုးပွားစေရန်နှင့် အနာဂတ် မျိုးဆက်သစ် လူငယ်လူရွယ်များ အာကာသသိပ္ပံပညာရပ်များကို လေ့လာစူးစမ်းလိုစိတ်များ ကိန်းအောင်းဖြစ်ပေါ်စေရန် ရည်ရွယ်ပြီး တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ အမြော်အမြင်ကြီးမားစွာ အနာဂတ်မျိုးဆက်သစ်များ နိုင်ငံတကာနှင့် ရင်ပေါင်တန်းကာ အာကာသသိပ္ပံပညာရပ်များတွင် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ၂၀၀၈ ခုနှစ် ဩဂုတ်လတွင် ခေတ်မီ နက္ခတ်တာရာပြခန်းတစ်ခု တည်ဆောက်ရန် လမ်းညွှန်မှာကြားခဲ့ကြောင်း၊ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် စီမံချက်များ ရေးဆွဲခြင်း၊ ပြည်ပနိုင်ငံများရှိ နက္ခတ်တာရာပြခန်းများသို့ ကျွမ်းကျင်သူများ စေလွှတ်၍ လေ့လာစေခြင်းမျိုးကို ပြုလုပ်ခဲ့ပြီး လက်ရှိ တည်ဆောက်နေသည့် မြေအခြေအနေ၊ ရာသီဥတု၊ မြန်မာ့သွင်ပြင်လက္ခဏာများနှင့် လိုက်လျောညီထွေဖြစ်ပြီး ခေတ်မီလက်ရာများနှင့် အကြိမ်ကြိမ် ပုံပြုရေးဆွဲခဲ့ကြရကြောင်း။

နက္ခတ်တာရာပြခန်း ဒီဇိုင်းပုံစံနှင့် အဆောက်အအုံတည်ဆောက်မှုအားလုံးသည် နိုင်ငံသားအင်ဂျင်နီယာများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုဖြစ်ပြီး အကြံပေးတိုင်ပင်ခံ ပညာရှင်အဖြစ် ခေါ်ယူထားသည့် နှစ်ပေါင်း ၃၀ ကျော် နက္ခတ်တာရာပြခန်း တည်ဆောက်ရေးအတွေ့အကြုံရှိသူ ပြင်သစ်နိုင်ငံသားပညာရှင်နှင့် နိုင်ငံတကာနက္ခတ်ဗေဒ သိပ္ပံပညာရပ်ဆိုင်ရာ အဖွဲ့ဝင် စင်ကာပူနိုင်ငံသား အကြံပေးပညာရှင်တို့ကိုယ်တိုင် တအံ့တဩ ချီးမွမ်းကာ မြန်မာတို့၏ အဆင့်အတန်းမြင့်သော စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာပညာရပ်၊ စိတ်တူကိုယ်တူဖြင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်မှုများအပေါ် မယုံနိုင်လောက်အောင်ဖြစ်ပြီး အထင်ကြီးလေးစားမှု ခံရသည်အထိ နက္ခတ်တာရာပြခန်း (နေပြည်တော်)သည် မြန်မာနိုင်ငံ၏ ဂုဏ်ကိုဖော်ထုတ်ပြသနိုင်သည့် ပြခန်းတစ်ခု၊ နိုင်ငံဂုဏ်ဆောင် ပြယုဂ်တစ်ခုဖြစ်ကြောင်း။

ယနေ့ ကမ္ဘာပေါ်တွင် ခေတ်မီ နက္ခတ်တာရာပြခန်း တည်ဆောက်နိုင်သည့်နိုင်ငံ များစွာမရှိသေးကြောင်း၊ နက္ခတ်တာရာပြခန်း စုစုပေါင်း ၃၀၀ ကျော်ခန့်သာရှိပြီး ခေတ်မီနည်းပညာနှင့် အဆင့်မြင့်ဒစ်ဂျစ်တယ်သုံး စက်ကိရိယာများ တပ်ဆင်နိုင်သော နက္ခတ်တာရာပြခန်းများကို ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌သာ တည်ဆောက်ဖွင့်လှစ်နိုင်ကြောင်း၊ ယခု မြန်မာနိုင်ငံ၌ ခေတ်မီအဆင့်မြင့် နက္ခတ်တာရာပြခန်း တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ် နှစ်အစပိုင်း ယနေ့ မင်္ဂလာအချိန်အခါသမယ၌ ယခုအခမ်းအနားကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းသည် မြန်မာတွင်သာမက ကမ္ဘာ့ဒုပါ အပြည်ပြည်ဆိုင်ရာ နက္ခတ္တဗေဒနှစ်တွင် အစောဆုံး စတင်ဖွင့်လှစ်နိုင်ခဲ့သည့် နက္ခတ်တာရာပြခန်းတစ်ခုဖြစ်၍ အင်မတန်မှပင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင် Mr. Jean-Francois က နက္ခတ်တာရာပြခန်း (နေပြည်တော်) တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နက္ခတ်တာရာပြခန်း (နေပြည်တော်)အတွက် နက္ခတ်တာရာကြည့် မှန်ပြောင်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်က ပြခန်းတည်ဆောက်ရေးတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များကိုယ်စား Mr. Jean-Francois အား လည်း

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း (နေပြည်တော်)အတွင်း ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်တို့ နက္ခတ်တာရာပြခန်း(နေပြည်တော်)ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

...တက်ရောက်ချီးမြှင့်
...မ်းမြောက်ဂုဏ်ယူ

...ယျာဉ်(နေပြည်တော်)အနီး အဆိုပါပြခန်း၌ ...ဖွင့်လှစ်ပေးသည်။



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနားတွင် ဒစ်ဂျစ်တယ်ပရိုဂျက်တာ ပြသမှုစနစ်ဖြင့် ပြသမှုများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ကောင်း၊ MRT Co., Ltd. မှ အင်ဂျင်နီယာများကိုယ်စား Chief Engineer ဦးကျော်ကျော်အား လည်းကောင်း ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များသည် ပြပွဲအစီအစဉ်အဖြစ် ဒီဂျစ်တယ် ပရိုဂျက်တာပြသမှုစနစ်ဖြင့် တင်ဆက်ပြသသည့် မြန်မာ့အလှ၊ မြန်မာရှုခင်းပြကွက်၊ အီဂျစ်ဖာရိုဘုရင်များနှင့် ကြယ်တာရာများ ဆက်စပ်ယုံကြည်မှု ဇာတ်လမ်းတိုပြကွက်၊ အနန္တစကြဝဠာပြကွက်နှင့် သန္တာကျောက်တန်း ရေအောက်ကမ္ဘာ (Kaluo' Kahina; Enchanted Reef) ပညာပေး ကာတွန်းဇာတ်လမ်းတို့ကို ကြည့်ရှုအားပေးကြသည်။

နက္ခတ်တာရာပြခန်း (နေပြည်တော်)သည် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)အနီး၌ တည်ရှိသည်။ ပြခန်းကို သစ်တောရေးရာဝန်ကြီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် နိုင်ငံသားပိုင် MRT Co.,Ltd. တို့ ပူးပေါင်း၍ ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၉ ရက်မှ ၂၀၀၉ ခုနှစ် မတ် ၂၀ ရက်အထိ အချိန်ကာလ လေးလခန့်အတွင်း တည်ဆောက်ခဲ့သည်။

ပြခန်းတွင် နက္ခတ်ပြခန်းပင်မဆောင်၊ ပညာပေးပြခန်းနှင့် ရှင်းလင်းဆောင်တို့ ပါဝင်ဖွဲ့စည်းထားပြီး တင်ဆက်ပြသမှုဆိုင်ရာ စက်ကိရိယာပစ္စည်းများကို နောက်ဆုံးပေါ် ခေတ်မီစက်သစ်များ တပ်ဆင် အသုံးပြုထားသည်။

ပြခန်းကို ဧပြီ ၁ ရက်မှ စတင်၍ တနင်္လာနေ့မှအပ ကျန်ရက်များတွင် နေ့စဉ် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး နက္ခတ်တာရာ ပြပွဲအစီအစဉ်များကို ပြခန်းဖွင့်ရက်များ၌ နံနက် ၁၁ နာရီနှင့် မွန်းလွဲ ၁ နာရီတို့တွင် တင်ဆက်ပြသသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

...ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်း ...ရတင်အောင်မြင့်ဦး နက္ခတ်တာရာပြခန်း ...လေ့လာစဉ်။ (သတင်းစဉ်)

တစ်ခုဖြစ်၍ အင်မတန်မှပင် ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြင်သစ်နိုင်ငံမှ ကျွမ်းကျင်သူပညာရှင် Mr. Jean-Francois က နက္ခတ်တာရာပြခန်း (နေပြည်တော်) တည်ဆောက်ခဲ့မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နက္ခတ်တာရာပြခန်း (နေပြည်တော်)အတွက် နက္ခတ်တာရာကြည့် မှန်ပြောင်းကို ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်သည်။

ယင်းနောက် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က ပြခန်းတည်ဆောက်ရေးတွင်ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပမှ ကျွမ်းကျင်သူပညာရှင်များကိုယ်စား Mr. Jean-Francois အား လည်း

နက္ခတ်တာရာပြခန်း (နေပြည်တော်) ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)



သမိုင်းဂုဏ်ရောင် ထွန်းပြောင်သည့် ပြကွက်များမှ ပေါ်ထွက်လာသည့် ပြည်သူတို့၏ ရင်လှိုင်းခတ်သံများ

သတင်းမြင်ကွင်းနှင့် ဓာတ်ပုံ - ကျော်ဇေယျာမြင့်၊ ကျော်စည်းစိမ်

(၆၄)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲကို ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်၌ မတ် ၂၆ ရက်မှ ဧပြီ ၄ ရက်အထိ ရဟန်းရှင်လူပြည်သူများအား အခမဲ့ ဖွင့်လှစ်ပြသလျက်ရှိရာ တပ်မတော်၏ ထွန်းပြောင်သည့် ဂုဏ်ရောင်၊ တပ်မတော်၏စွမ်းဆောင်မှု စွမ်းပကားများကို ပြည်သူတို့ မည်သို့သိရှိသည်၊ မည်သို့ ခံစားရသည်တို့ကို သိရှိနိုင်ရန် မိမိတို့သတင်းအဖွဲ့သည် တပ်မတော်စစ်သမိုင်းပြတိုက်သို့ သွားရောက်ပြီး ပြတိုက်သို့ လာရောက်လေ့လာသူအချို့ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

ပြခန်းတစ်ခုတွင် စိတ်ဝင်စားစွာလေ့လာနေသည့် မြေးအဘိုးနှစ်ဦးကို မေးမြန်းရာတွင် "မိမိဟာ အသက်(၇၄)နှစ်အရွယ်ရှိ နိုင်ငံ့ဝန်ထမ်းဟောင်းတစ်ဦး ဖြစ်ပါတယ်၊ ဖြစ်ချင်တဲ့ဆန္ဒကို ဖြစ်အောင် လုပ်နိုင်ခဲ့တဲ့ တပ်မတော်ရဲ့ သမိုင်းစဉ်လာကို မြေးဖြစ်သူကို သိစေချင်၊ မြင်စေချင်တဲ့အတွက် လာခဲ့ခြင်းဖြစ်ပါတယ်၊ မြေးဖြစ်ချင်တာကို ဖြစ်အောင် ခွန်အားပေးတဲ့အနေနဲ့ရော၊ လုပ်ချင်ကိုင်ချင်စိတ်တွေ ရှိလာအောင် အတွက်ပါ ဒီပြတိုက်ကြီးတစ်ခုလုံးအနှံ့ ပြသပေးတာဖြစ်ပါတယ်" ဟု စိတ်အားတက်ကြွစွာ ပြောကြားသည်။

ထို့နောက် အထက(၃) ပဲခူးမှ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုထားသည့် မောင်ရဲရင့်နောင်ကလည်း "တပ်မတော်ရဲ့ သမိုင်းအစဉ်အလာကောင်းတွေကို သိချင်တယ်၊ ပြီးတော့ တပ်မတော်ကိုလဲ စိတ်ဝင်စားတယ်၊ ပင်လုံစာချုပ် ချုပ်ဆိုနေတဲ့ ဓာတ်ပုံကိုမြင်ရတော့ တောင်တန်း၊ ပြည်မ မခွဲဘဲ လွတ်လပ်ရေး အရယူခဲ့ပုံကို သိရလို့ မျိုးချစ်စိတ်များ ပိုမိုနိုးကြားလာရတယ်" ဟု ပင်ကိုစိတ်ထားကို ဖွင့်ဟပြောပြသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် (လှိုင်သာယာ) B.Tech. ပထမနှစ် ကျောင်းသားများဖြစ်သည့် မောင်ရဲကျော်အောင်နှင့် မောင်သူလင်းဦးတို့ နှစ်ဦးကလည်း "ဒီစစ်သမိုင်းပြတိုက်ကြီးကို ပထမဦးဆုံး ရောက်ဖူးခြင်းဖြစ်ပါတယ်၊ နိုင်ငံတော်လူကြီးများရဲ့ ရာထူးအခေါ်အဝေါ်တွေ၊တပ်မတော်ရဲ့သမိုင်းစဉ်ဆက် ထွန်းပြောင်ခဲ့တဲ့ မှတ်တမ်းတွေကို တွေ့ရတဲ့အတွက် အလွန်တန်ဖိုးရှိပါတယ်၊ ဘွဲ့ရပြီးတဲ့အခါ အစိုးရဌာနမှာ တာဝန်ထမ်းဆောင်မှာဖြစ်တဲ့ အတွက် နိုင်ငံတိုးတက်ဖြစ်ထွန်းမှုတွေကို ဒီပြတိုက်ကြီးကရလို့ များစွာအကျိုးရှိပါတယ်" ဟု ပြောပြသည်။

ထို့အတူ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဝန်ထမ်းဖြစ်သူ မရတနာအောင်ကလည်း "ဝန်ထမ်းဖြစ်တာ မကြာသေးပေမယ့် စစ်သမိုင်းပြတိုက်ရှိ မိမိဝန်ကြီးဌာနပြခန်းကို လေ့လာတဲ့အခါမှာ ဝန်ကြီးဌာနရဲ့ လုပ်ငန်းစဉ်တွေကို သိရှိနားလည် သဘောပေါက်ပြီး နိုင်ငံအတွက် အရေးပါပုံနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပုံများကို သိရှိရတဲ့အတွက် ဒီစစ်သမိုင်းပြတိုက်ကြီးရဲ့ တန်ဖိုးကို နားလည်မိပါတယ်" ဟု ပြောပြသည်။

လက်ရုံးတပ်ဖွဲ့ပြခန်းတစ်ခုဖြစ်သော ထောက်ပံ့နှင့် ပို့ဆောင်ရေးညွှန်ကြားရေးမှူးရုံး ပြခန်းကို တွေ့ရစဉ်။

ထိုသို့ ရင်တွင်းစကားများမှာ တပ်မတော် စစ်သမိုင်းပြတိုက်ကြီးရှိ ပြခန်းများအား စိတ်ပါဝင်စားစွာ လေ့လာ ကြည့်ရှုနေကြသည့် ပြည်သူများ၏ ဖွင့်ဟသံများပင်ဖြစ်သည်။ ဤ တပ်မတော် စစ်သမိုင်းပြတိုက်ကြီး၏ နိုင်ငံတော်နှင့် တပ်မတော်၏ သမိုင်းဂုဏ်ရောင် ထွန်းပြောင်မှုပြကွက်များမှ ပြန်လည်ပေါ်ထွက်လာသည့် ပြည်သူတို့၏ ရင်လှိုင်းခတ်သည့် ပဲ့တင်သံများဟု ဆိုချင်ပါသည်။ ။

"တပ်မတော်ရဲ့ သမိုင်းစဉ်လာကို မြေးဖြစ်သူကို သိစေချင်၊ မြင်စေချင်"

ဦးလှရွှေ(သဃ်န်းကျွန်း)

ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် ခရမ်းမြို့နယ် ခရမ်း-ဒေးပေါက် ဂဝံလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုစဉ်။

(သတင်းစဉ်)

ရန်ကုန်တောင်ပိုင်းခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်လိုက်ပါလျက် မတ် ၂၂ရက် နံနက် ၆ နာရီတွင် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် အောင်မင်္ဂလာရပ်ကွက်ရှိ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က (၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုဖွင့်လှစ်သည့် အောင်မင်္ဂလာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ကတ္တရာလမ်းသစ်ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် သီလဝါလမ်းဆုံရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရန်ကုန်တိုင်း အင်ဂျင်နီယာမှူးကြီးက ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့် လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ သန်လျင်-သုံးခွ-ခရမ်းလမ်း ပြုပြင်ခင်းကျင်းဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဒဂုံတံတားမှ သီလဝါစက်မှုဇုန်သို့ ဆက်သွယ်သည့်လမ်းအား ပထမကျောက်လွှာနှင့် ဒုတိယကျောက်လွှာ ခင်းကျင်းပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် သန်လျင်မြို့နယ် စစ်ပင်ကွင်းကျေးရွာအုပ်စုရှိ ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့၏ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးက စိုက်ပျိုးမွေးမြူထားရှိမှုများ၊ ဇီဝဓာတ်ငွေ့ ထုတ်ယူသုံးစွဲမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းရဲတပ်ဖွဲ့မှူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကိုမှာကြားပြီး ဇီဝဓာတ်ငွေ့ ထမင်းပေါင်းအိုး၊ ဂတ်စ်မီးဖိုတို့နှင့် ချက်ပြုတ်နေမှု၊ဇီဝဓာတ်ငွေ့ထုတ်ကန်၊အထွက်ကောင်း ဧည့်မထစပါးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ဝက်မွေးမြူထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် သန်လျင်-သုံးခွ-ခရမ်းလမ်းပိုင်း ပြုပြင်ပြီးစီးမှု အခြေအနေကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ထွက်ခွာလာရာ သုံးခွမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဖောက်လုပ်ပြီး (၆၄) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်သည့် သုံးခွမြို့နယ် ရဲနွဲ့ကျေးရွာချင်းဆက် ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း၊ ခရမ်း-ဒေးပေါက်ဂဝံလမ်းသစ်ဖွင့်ပွဲအခမ်းအနားသို့လည်းကောင်း တက်ရောက်အားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ကွမ်းမိုးဒိန်း အခြေခံပညာအထက်တန်းကျောင်းခွဲဝင်းအတွင်း၌ဆောက်လုပ်လျက်ရှိသော အာရ်စီတစ်ထပ်ကျောင်းဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ကျုံမရေကျေးရွာ ရွာလယ်တံတားသို့ ရောက်ရှိကြပြီး တံတားတည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် ခရမ်း-ရေကျော်-အောင်သာဒါန်းလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ညောင်လန်းကျေးရွာအနီးရှိ ဦးနီသစ်တံတားကိုလည်းကောင်း၊ ရွှေရင်အေးတံတားကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် ဘိုကလေးကျေးရွာသို့ ရောက်ရှိကြပြီး ပင်လယ်ကမ်းစပ်ရှိ ကမ်းပါးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီးက ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက တင်ပြသည်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခရမ်းမြို့နယ် အောင်သာဒါန်းကျေးရွာအနီး ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ခရမ်းမြို့နယ် ဘိုကလေး-ဆင်ကျွန်းနှင့် သုံးခွမြို့နယ် အောင်သာဒါန်းကျေးရွာအကြား ကမ်းပတ်တာ တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးရာ ရန်ကုန်တိုင်း ဆည်မြောင်းဦးစီးဌာန အင်ဂျင်နီယာမှူးက ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သုံးခွမြို့နယ် ညောင်လန်းကုန်းကျေးရွာနှင့် သုံးခွမြို့အကြား ဖောက်လုပ်မည့် ကျေးရွာချင်းဆက်လမ်း လမ်းအူကြောင်း ရှာဖွေထားမှုနှင့် စပ်လျဉ်း၍ ရန်ကုန်တောင်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မဟာသိန်ချောင်းအနီးရှိ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူးက ထွန်းစိန်-သာသာမြိုင်၊ ပိုက်စီး-မရမ်းကွင်းပတ်တာပြင်ပတွင် သောင်ထွန်းလျက်ရှိသော လယ်မြေသစ်ကို ပင်လယ်ရေငန် မဝင်အောင် တာပတ်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမြေစာရင်းဦးစီးဌာနမှူးက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် တံတားမြို့စင်မကော်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိကြရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက သုံးခွ-ကဒပွန-တံတား-ပန်းတောလမ်းနှင့် စင်မကော်ကျေးရွာအကြား ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ခြင်းနှင့် အခြေခံပညာအလယ်တန်းကျောင်းခွဲအတွင်းကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ခြင်းနှင့် ရွာလယ်သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က စင်မကော်ကျေးရွာမှတာဝန်ရှိသူများထံ ထောက်ပံ့ရေးပစ္စည်းများနှင့် စာအုပ်များကို ပေးအပ်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည်ကျောင်းဝင်းအတွင်း၌စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု၊ ရွာလယ်သောက်သုံးရေကန်ကို ပြန်လည်တူးဖော်ထားမှုနှင့် သုတရိပ်မွန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကျေးလက်လမ်းဖြစ်သော ဖောင်တော်သီကျေးရွာဇေယျာလမ်း ဂဝံလမ်းသစ်ဖွင့်ပွဲကို မတ် ၂၁ ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပရာ ဒိုက်ဦးမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်ဦးလေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု လက်ပံတန်းနှင့်ပေါင်းတည်မြို့နယ်တို့၌ ကတ္တရာလမ်းသစ်များဖွင့်

ရန်ကုန် မတ် ၂၆

၂၀၀၉ခုနှစ်(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့်၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးခဲ့သော လက်ပံတန်းမြို့ ကန်ကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ်၂၀ ရက်တွင် အဆိုပါ လမ်းသစ်ထိပ်၌ ကျင်းပရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးနေမန်းက လမ်းဖြစ်မြောက်ရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မအူခုံရပ်ကွက်နေ ဦးရဲထွန်းဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသက်ခိုင်နှင့် အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး စည်ပင်သာယာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမျိုးမြင့်က လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။

အဆိုပါကတ္တရာလမ်းသစ်သည် အရှည် ၁၅၈၄ပေရှိပြီး ၁၂ ပေကျယ်သည်။

အလားတူ ပေါင်းတည်မြို့ အနောက်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ယင်းနေ့တွင် အဆိုပါလမ်းသစ်ထိပ်၌ ကျင်းပရာ ပေါင်းတည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမော်က လမ်းဖြစ်မြောက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး မင်းကွက်(၃)ရပ်ကွက်နေ ဦးတင်ထွန်းကကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးကိုကိုလွင်နှင့်အမှုဆောင်အရာရှိတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ညွှန်ကြားရေးမှူးချုပ်က လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးသည်။ အဆိုပါကတ္တရာလမ်းသစ်သည် အရှည်ပေ ၂၄၀၀ ရှိပြီး ၁၂ ပေကျယ်သည်။

ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့သည် ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း မြို့ပြလမ်း (၁၅/၃)မိုင်၊ မြို့ပြတံတားအစင်း ၂၀၊ မြို့ပြရေပေးရေးလုပ်ငန်း ၁၂ ခုနှင့် ကျေးလက်လမ်း (၅၀/၂)မိုင်၊ ကျေးလက်တံတားအစင်း ၄၀၊ကျေးလက်ရေရရှိရေးလုပ်ငန်း ၁၉၄ခု တို့ကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၉ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၂၅ ၅။ မဟာဂီတချိုကြည်မြ
၄:၃၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၃၀ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅:၅၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၄၀ ၁၄။ စောင့်မျှော်ရှုစားကြိုးဝိုင်း စကား
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြီးမြတ်သူတို့နှလုံးသား အပိုင်း(၃၃)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ စိုက်ပျိုးသုတ
၂၀။ ရှင်သန်နေသော သီချင်းများ (Living Songs) -ရွာသာရွာပါမိုးအစပြု၍ အပိုင်း(၁) တေးရေးဆရာ R ခိုင်
၂၁။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၂။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အမှန်တရားရဲ့ဘက်တော်သား အပိုင်း(၆)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ။

(၆၄)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဝေါမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော အရှေ့ဘက်ကမ်းရပ်ကွက် မန်းဘခိုင်ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၁ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဟန်တိုးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစောရွှေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။

(မြို့နယ်စည်ပင်)

(၆၄)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော် ထောက်ပံ့ငွေဖြင့် ဆောင်ရွက်ခဲ့သော ကျွန်းတောတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၃ရက်က အဆိုပါ တံတားမုခ်ဦး၌ ကျင်းပရာ ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးတင်ချို၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအေးဟန်နှင့် ဒေါက်တာဌေးနိုင်တို့ တံတားသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(တိုင်းစည်ပင်)

သင်္ကြန်နှစ်ဆန်းတွင် ငါးသားပေါက်များ ရောင်းချလိုပါက ငါးလုပ်ငန်းဦးစီးဌာနသို့ ခွင့်ပြုချက်လျှောက်ထားကြရန် နှိုးဆော်

ရန်ကုန် မတ် ၂၆

အသားစားကြူးသော အာဖရိကငါးခူများသည် ဘုရားကန်များ၊ ကန်တော်ကြီးရေပြင်၊ အင်းလျားကန်ရေပြင်၊ မြစ်များ၊ ချောင်းများနှင့် သဘာဝရေပြင်များတွင် ပျံ့နှံ့သွားပါက အခြား ငါး/ပုစွန် စသော ရေနေသတ္တဝါများမျိုးပြုန်းတီးမှု ဖြစ်ပေါ်စေသဖြင့် ငါးလုပ်ငန်းဦးစီးဌာနက အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၀၁)ဖြင့် အာဖရိကငါးခူမျိုးများ မွေးမြူခြင်း၊ စုဆောင်းခြင်း၊ မျိုးပြန့်ပွားစေခြင်းမပြုရန် တားမြစ်ထားသည်။ နှစ်စဉ်နှစ်တိုင်း သင်္ကြန်နှစ်ဆန်း(၁)ရက် ဇီဝိတဒါနငါးလွှတ်ပွဲများတွင် တားမြစ်ထားသော အာဖရိကငါးခူ သားပေါက်များကို ရောင်းချခြင်း၊ ဝယ်ယူခြင်းများမပြုလုပ်ကြရန် သတိပေးထားသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနက ငါးသားပေါက်များကို ရောင်းချပေးမည်ဖြစ်သဖြင့် ငါးသားပေါက်များဝယ်ယူလိုပါက ငါးလုပ်ငန်းဦးစီးဌာန(ရုံးချုပ်)နှင့်ရန်ကုန်တိုင်းလှော်ကားငါးလုပ်ငန်း စခန်း၊ လေးဒေါင့်ကန်ငါးလုပ်ငန်းစခန်း၊ကန်တော်ကြီးရေချိုငါးဥယျာဉ်နှင့် နီးစပ်ရာသက်ဆိုင်ရာ မြို့နယ်ငါးလုပ်ငန်းစခန်းများသို့ ဆက်သွယ်ဝယ်ယူရရှိနိုင်သည်။

ထို့အပြင် အများပြည်သူနှင့် သက်ဆိုင်သောနေရာ၊ ဌာနများတွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသားပေါက် အရောင်းဌာနများ ဖွင့်လှစ်ထားရှိမည်ဖြစ်ပြီး ဘေးမဲ့ငါးလွှတ်လိုသူများ ငါးလုပ်ငန်းဦးစီးဌာနသို့ ကြိုတင်ဆက်သွယ် မှာကြားကြပါရန် နှိုးဆော်ထားသည်။

ငါးသားပေါက်များ ဆက်သွယ်ဝယ်ယူလိုပါက ဖုန်း-၀၁-၂၂၅၅၈၆၊ ၂၂၅၅၅၃၊ ၂၁၁၃၈၂၊ ၆၃၅၁၉၆၊ ၆၁၁၁၂၀၊ ၇၀၈၅၁၉နှင့် ၅၅၅၆၁၃တို့သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်

ရန်ကုန် မတ် ၂၆

ယနေ့နံနက် ၉နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့် သာယာခဲ့သည်။ **နေ့အပူချိန်များမှာ** ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** အောင်လံမြို့တွင် ၄၁ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ ချောက်မြို့နှင့် သာယာဝတီမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်များမှာ** ကော့သောင်းမြို့တွင် သုည ဒသမ ၀၇လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မတ် ၂၇ရက် ညနေထိ ခန့်မှန်းချက်။ ။ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေတိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပဲခူးမြို့ အထက(၃) မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၂၆

ပဲခူးမြို့အထက(၃) ယခင် (အမျိုးသားတန်းမြင့်ကျောင်း)၌ နှစ်ပေါင်း ၃၀ကျော် တာဝန် ထမ်းဆောင်ခဲ့ပြီး အငြိမ်းစား ယူသွားခဲ့ကြသော ဆရာ၊ ဆရာမကြီးများနှင့် ဂုဏ်ထူးဆောင် အငြိမ်းစား ဆရာ၊ ဆရာမကြီးများအား ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို မတ် ၂၉ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ကန်တော်ကြီးဥယျာဉ် အတွင်းရှိWestern Park Royal Restaurant ၌ ကျင်းပမည်ဖြစ်ရာ ဦးကိုကိုအောင် ဖုန်း-၀၉-၅၀၇၁၀၇၁၊ ဒေါက်တာဝင်းမောင် ဖုန်း-၀၉-၈၀-၃၂၇၆၀၊ဦးယဉ်ထွေးသက် ဖုန်း-၀၉-၅၀-၁၂၉၄၄၊ ဦးခင်ကြည် ဖုန်း-၀၉-၅၀-၂၀၈၂၀၊ ဦးသန်းလွင် ဖုန်း-၀၉-၅၁၀၁၀၃၄၊ဦးဖိုးကျား ဖုန်း-၀၉-၅၀-၁၀၃၁၂၊ ဦးသိန်းလွင်ဦး ဖုန်း- ၀၉- ၅၀-၇၁၄၇၇၊ဒေါက်တာဒေါ်လှကြင် ဖုန်း-၀၉-၉၉-၂၆၉၀၈၊ ဒေါက်တာမိမိထွန်း ဖုန်း-၀၉-၅၀-၀၀၇၉၄၊ ဒေါ်ဝါဝါစိုး ဖုန်း-၀၉-၅၀-၀၆၅၆၁၊ ဒေါ်သန်းသန်းအေး ဖုန်း-၀၁-၅၃၈၅၈၈၊ ဒေါ်မူမူထွန်း ဖုန်း-၀၁-၅၀၅၉၉၁၊ ဒေါ်သက်ဥမ္မာဒွေး ဖုန်း-၀၁-၅၁၀၃၀၂နှင့် ဒေါ်သီတာကြွယ် ဖုန်း-၀၉-၅၁-၃၈၆၄၈တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

19th Singha Thailand Ladies Amateur Open & Inter Club Team Championship ဂေါက်သီးရိုက်ပြိုင်ပွဲ မြန်မာလူငယ်အသင်း ပထမဆု နှစ်ဆုရရှိ

ရန်ကုန် မတ် ၂၆

၂၀၀၉ခုနှစ် မတ် ၁၈ ရက်မှ ၂၀ ရက်အထိထိုင်းနိုင်ငံဗန်ကောက်မြို့ရှိဗန်ကောက် ဂေါက်ကလပ်၌ ကျင်းပသော (19th Singha Thailand Ladies Amateur Open & Inter Club Team Championship)(၁၉)ကြိမ်မြောက်စင်ဂါထိုင်း အမျိုးသမီးအပျော်တမ်း အိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် နည်းပြဆရာ ဦးဆန်းထွန်း(Han Golf Masters Academy) ခေါင်းဆောင်သော မြန်မာလူငယ်နှစ်ဦးဖြစ်သောမေလီနှင့် ယဉ်မေမျိုးတို့ပါဝင်ကြသော မြန်မာလူငယ် အမျိုးသမီးဂေါက်သီးရိုက်အသင်း ပါဝင်ယှဉ်ပြိုင်ကစားခဲ့ရာ ပထမဆုနှစ်ဆု ရရှိခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် နိုင်ငံတကာ ကလပ်အသင်းပေါင်း ၁၈ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ကြရာTeam Net Event ၃၆ ကျင်းပြိုင်ပွဲတွင် မြန်မာလူငယ်အသင်းက စုစုပေါင်း အသားတင်ရိုက်ချက် ၂၆၅ ချက်ဖြင့် ပထမ၊ အိမ်ရှင်ထိုင်း(TALGA-2) အသင်းက စုစုပေါင်းအသားတင်ရိုက်ချက် ၂၈၃ ချက်ဖြင့် ဒုတိယရရှိပြီး ထိုင်းလူငယ်(TJGGA)အသင်းက စုစုပေါင်း အသားတင်ရိုက်ချက် ၂၈၄ ချက်ဖြင့် တတိယ ရရှိခဲ့ကြသည်။

တစ်ဦးချင်း ၃၆ကျင်း အကျော့မဲ့ပြိုင်ပွဲတွင်(Flight-B)အတန်း၌ မြန်မာလူငယ်အသင်းမှယဉ်မေမျိုးက စုစုပေါင်းရိုက်ချက် ၁၅၂ချက်ဖြင့်ပထမ၊ ထိုင်းလူငယ်အသင်းမှ (Nichakor Nraksachat)ကစုစုပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ဒုတိယရရှိပြီး မြန်မာလူငယ်အသင်းမှ မေလီက စုစုပေါင်းရိုက်ချက် ၁၆၁ ချက်ဖြင့် တတိယ ရရှိခဲ့ကြသည်။

တတိယနေ့ပြိုင်ပွဲအပြီးတွင်Individual Overall Gross Event ပြိုင်ပွဲတွင် ထိုင်းလူငယ်အသင်းမှ အသက် ၁၃နှစ် သာရှိသေးသော လူငယ် ဂေါက်သီးရိုက်အားကစားသမားPintathloomboonru ကသတ်မှတ်ရိုက်ချက် ငါးချက်လျော့ရိုက်ပြီး စုစုပေါင်းရိုက်ချက် ၂၁၁ ချက်ဖြင့် (၁၉)ကြိမ်မြောက် ထိုင်းနိုင်ငံအမျိုးသမီးအပျော်တမ်းအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၁၉)ကြိမ်မြောက်စင်ဂါထိုင်း အမျိုးသမီးအပျော်တမ်း အိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အပြီးတွင် မြန်မာလူငယ်အသင်းကို တွေ့ရစဉ်။

(ဂေါက်သီးရိုက်အဖွဲ့ချုပ်)

The LIVE NEWS ဂျာနယ် အမှတ် (၁၂၅) ဖြန့်ချိ

ရန်ကုန် မတ် ၂၆

ယခုတစ်ပတ်ထုတ် The LIVE NEWS ဂျာနယ်အမှတ် (၁၂၅)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ ဩဝါဒခံယူပွဲ၊ မြင်းမူမောင်နိုင်မိုး၏ ယဉ်ပါးစေခြင်း၊ နီးမင်းဆွေ၏ အနွေးထည်ခြုံကာလွှမ်းလို့ သူ့ခေါင်းမှာလည်း ချယ်ရီပန်းကဝေ၊ ကိုကိုလှိုင်၏ အမေရိကန် ကာကွယ်ရေးမူဝါဒလမ်းခွဲ၊ မောင်မြတ်မွန် (ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက အခြေခံ အဆောက်အအုံ(Infrastructure) ရဲ့ မူလဘူတ 'မြေ' သမိုင်းကြောင်း (၃)၊ နီငြိမ်း (အညာတက္ကသိုလ်)၏ ကမ္ဘာ့အရှေ့ဖျားမှ ဖွံ့ဖြိုးဝေစည် ဂျပန်ပြည် အပိုင်း(၁၉)၊ အောင်လျှမ်းဝေ၏လွမ်းငွေ့မပြေ ချယ်ရီမြေ (၂၈)၊ အာရှမိုး၏အမေရိကန်စီးပွားရေးကျဆင်းမှုဂယက်နှင့် နိုင်ငံတကာ ငွေကြေးဒေါ်လာ (၅၀) ထရီလီယံ ပျောက်ဆုံးမှုမိုး(ပျဉ်းမနား)၏ စိတ်ကူးယဉ်၊ စည်ပင်ပိုင် ဈေးများအတွင်း ဓာတုဆိုးဆေးအသုံးပြုသူဈေးသည် (၁၀၀)ကျော်တွေ့ရှိ နောက်တစ်ကြိမ် စစ်ဆေးတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်၊ ကမ္ဘာ့လေကြောင်းလိုင်းများ အရှုံးပေါ်လျက်ရှိကြောင်း နိုင်ငံတကာ လေကြောင်းပို့ဆောင်ရေးအဖွဲ့က ပြောဆို၊ အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းလျှင် အမြတ်ထွက်မည့် နိုင်ငံမှာ တူရကီလော၊ ကုမ္ပဏီများက ချီးမြှင့်သော အပိုဆုကြေးပေါ်တွင် အခွန်စည်းကြပ်ရန် တင်သွင်းသည့် ဥပဒေကြမ်းအား အမေရိကန် အောက်လွှတ်တော် အတည်ပြု၊ အီရန်နိုင်ငံအား ငြိမ်းချမ်းရေးသံလွင်ခက် ကမ်းလင့်လာသော အမေရိကန်၊ စံချိန်တင်မြင့်မားလာသော အမေရိကန် အလုပ်လက်မဲ့နှုန်း၊ အာဆီယံအရေးပေါ် ရန်ပုံငွေကိစ္စ မေလတွင်အပြီးသတ် ဆွေးနွေးမည်၊ မိဘချစ်၊ မောင်နှမချစ်တွေရှိလို့ ကျန်တဲ့ အချစ်မလိုပါဘူးဆိုတဲ့ ဝိုင်းစုခိုင်သိန်း၊ ထင်ပေါ်ကျော်ကြား ကိုရီးယား အနုပညာရှင်များ၊ မြဝတီရုပ်မြင်ပေါ်က ရုပ်ရှင် စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ တင်ဆက်ထားသည်။

The LIVE NEWSဂျာနယ်အား အပတ်စဉ် (စနေနေ့)တိုင်း ဖတ်ရှုသူအိမ်အရောက် ပေးပို့ရန် စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ ၃လ-၁၃စောင်-၅၈၅၀/-၊ ၆လ-၂၆စောင်-၁၁၇၀၀/- နှုန်းထားများဖြင့် ရွှေပြည်စိုးစာပေတိုက်၊ အမှတ်(၃၁၀)၊ အခန်း (၀၀၄) ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း ၂၂၉၈၈၂၊ ၂၂၉၈၈၅နှင့် MARKET CARE (Distribution Service) အမှတ် (၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၇-၃-၂၀၀၉ (သောကြာနေ့)

AM & PM

၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"ဒုလ္လဘနှင့်ကြုံရပြန်သော်" တရားတော်(ဒုတိယပိုင်း) ဘဒ္ဒန္တသောဘဏ(အဘယာရာမဆရာတော်)
၈း၀၅ - ၂း၀၅	တေးဂီတအစီအစဉ်
၈း၁၀ - ၂း၁၀	အမျိုးသားပြတိုက်မြန်မာအက္ခရာနှင့်လက်ရေးမူပြခန်း
၈း၂၅ - ၂း၂၅	VJ Choice
၉း၀၀ - ၃း၀၀	နား၊ နှာခေါင်း၊ လည်ချောင်းပညာရပ်ဆိုင်ရာ ပူးပေါင်းဆွေးနွေးဖလှယ်ပွဲ
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	Art Vision (10+One Contemporary Art Exhibition)
၉း၃၅ - ၃း၃၅	တေးဂီတအစီအစဉ်
၉း၄၀ - ၃း၄၀	ချစ်သောမြေ၊ ချစ်သောရေ (ရာဇာနေဝင်း၊ ခိုင်နှင်းဝေ) (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၉း၅၅ - ၃း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၀ - ၄း၀၀	စားချင်စဖွယ်နည်းအသွယ်သွယ် (မုန်လာဥနီဆန်နွှင်းမကင်း)
၁၀း၁၀ - ၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅ - ၄း၁၅	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့်ဆွေးနွေးခန်း)
၁၀း၃၅ - ၄း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀ - ၄း၄၀	လှပချစ်စရာလက်မှုအနုပညာ (CANDY BROWN)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	မင်းလှရေလှောင်တမံ
၁၁း၃၀- ၅း၃၀	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၁း၄၅ - ၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀ - ၅း၅၀	ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၄) (စစ်ရေးတေး)
၁၂း၁၀ - ၆း၁၀	လေလှိုင်းမှဖြေကြားပရိသတ်များအမေးစကား
၁၂း၂၅ - ၆း၂၅	ရှေးမူမပျက်ထိန်းသိမ်းဖို့ရာမြန်မာ့ရွှေချည်ထိုးပညာ
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	Shopping Guide (Mr. FONE Telecom Centre)
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်အား လက်ခံတွေ့ဆုံ

နေပြည်တော် မတ် ၂၆

ပြည်ထောင်စု မြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ညနေ ၅နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun အား လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန့်ရှင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်၊ ကောင်စစ်ရေးရာနှင့်ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းလွင်နှင့် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်တို့ တက်ရောက်ကြပြီး ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E.Mr.Li Changchun နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယဲ့တာပိုလည်း တက်ရောက်သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီ အဖွဲ့ဝင် H.E. Mr. Li Changchun အား နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး ဧည့်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦးတရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာယဲ့တာပို လိုက်ပါလျက် ယနေ့ နံနက် ၉နာရီ ၁၅မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ရောက်ရှိလာကြသည်။

ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ အမြဲတမ်းကော်မတီအဖွဲ့ဝင် H.E. Mr. Li Changchun ခေါင်းဆောင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး ကျော်ကျော်ဝင်းနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

တပ်မတော်နေ့ အထူးထုတ် အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံ သတင်းစာတွင် ၂၀၀၉ ခုနှစ် (၆၄)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု အထူးထုတ်ရောင်စုံအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

နက္ခတ်တာရာပြခန်း ဖွင့်ပွဲသတင်း အပြည့်အစုံ စာမျက်နှာ (၈)



နက္ခတ်တာရာပြခန်း (နေပြည်တော်)ကို တွေ့ရစဉ်။

(သတင်းစဉ်)